**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**

**ညွှန်ကြားချက်အမှတ် ( ၇ /၂၀၂၀)**

**နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်**

**၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်**

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (ခ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ COVID-19 ရောဂါဖြစ်ပွားမှုကြောင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများပုံမှန် မဆောင်ရွက်နိုင်စဉ် ကာလအတွင်း အသင်းဝင်များက ချေးငွေပြန်လည်ပေးဆပ်မှု နောက်ကျခြင်းအတွက် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ ၂၀၂၀ပြည့်နှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ကောက်ခံရန်ကျန်ရှိသော ချေးငွေလက်ကျန်များအပေါ် ချေးငွေဆုံးရှုံးမှု လျာထားရာတွင် ချေးငွေလက်ကျန်ပမာဏ၏ ၁% သတ်မှတ်ဆောင်ရွက်ခြင်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်အထိ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုကာလသည် COVID-19 ရောဂါကူးစက်ပြန့်နှံ့မှုကို ထိန်းချုပ်ရန် ဆောင်ရွက်နေဆဲဖြစ်သဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ပုံမှန်မဆောင်ရွက်နိုင်စဉ် ကာလအတွင်း အသင်းဝင်များ၏ ချေးငွေပြန်လည်ပေးဆပ်မှု နောက်ကျခြင်းအတွက် ချေးငွေအတန်းအစား ခွဲခြားခြင်းနှင့် ချေးငွေဆုံးရှုံးမှု လျာထားခြင်းအား ချေးငွေလက်ကျန်ပမာဏ၏ ၁% သတ်မှတ်ဆောင်ရွက်ခြင်းကို ၂၀၂၁ ခုနှစ် ဇွန်လကုန်အထိ လိုက်နာဆောင်ရွက်ရန် တိုးမြှင့်သတ်မှတ်လိုက်သည်။

စိုးဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁/၆ ( ၉၅၉ /၂၀၂၀)

ရက် စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်

ဖြန့်ဝေခြင်း

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး နှင့် ပြည်နယ်၊ အသေးစား ငွေရေးကြေးရေး

လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များအားလုံး

အထက်မြန်မာ/အောက်မြန်မာပြည် ကြီးကြပ်စစ်ဆေးရေးရုံး၊

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီးနှင့်ပြည်နယ်ဦးစီးမှူးများ၊

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများကူညီမှုအသင်း

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

အမိန့်အရ

၂၃/၁၁/၂၀၂၀

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ